# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
# နေပြည်တော်

## ဂါဘွန်သမ္မတနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအကြောင်း
## လေ့လာတင်ပြခြင်းစာတမ်း


လေ့လာတင်ပြသူ -

ဦးမျိုးမြင့်

လ/ထ ညွှန်မှူး

တရားစီရင်ရေးဌာနခွဲ


ရက်စွဲ။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်

## မာတိကာ

**စာမျက်နှာ**

**နိဒါန်း** ၂

၁။ ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ၄

၂။ နိုင်ငံတော်အခြေခံမူများနှင့် လူ့အခွင့်အရေးများ ၅

၃။ အုပ်ချုပ်ရေး ၆

၃-၁ နိုင်ငံတော်သမ္မတ ၆

၃-၂ ဒုတိယသမ္မတ ၈

၃-၃ အစိုးရအဖွဲ့ ၈

၃-၄ ဝန်ကြီးချုပ် ၉

၄။ ဥပဒေပြုရေး ၉

၅။ တရားစီရင်ရေး ၁၀

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ၁၁

၆-၁ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တာဝန်ဝတ္တရားများ ၁၁

၆-၂ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသူများ ၁၃

၆-၃ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဖွဲ့စည်းပုံ ၁၄

၆-၄ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်အကျိုးသက်ရောက်မှု ၁၇

**နိဂုံး** ၁၇

**ရည်ညွှန်းကိုးကားချက်များ** ၁၈

# 2

## ဂါဘွန်သမ္မတနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအကြောင်းလေ့လာတင်ပြခြင်း

### နိဒါန်း

ဂါဘွန်သမ္မတနိုင်ငံသည် ဗဟိုအာဖရိက (Central Africa) ၏ အနောက်ဘက်ကမ်းရိုးတန်းဒေသတွင် တည်ရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဂါဘွန်သမ္မတနိုင်ငံ၏ အရှေ့အရပ် နှင့် တောင်အရပ်တွင် ကွန်ဂိုနိုင်ငံ (Congo)၊ အနောက်အရပ်တွင် ဂီနီပင်လယ်ကွေ့ (Gulf of Guinea)၊ တောင်အရပ်တွင် ကင်မရွန်းနိုင်ငံ (Cameroon)၊ အနောက်တောင်အရပ်တွင် အီကွေတိုရီရယ်ဂီနီ နိုင်ငံ (Equatorial Guinea) တို့က ဝန်းရံလျက်ရှိပါသည်။ ဂါဘွန်သမ္မတနိုင်ငံ၏ ဧရိယာအကျယ်အဝန်းမှာ ၂၇၀.၀၀၀ စတုရန်းကီလိုမီတာ နီးပါးဖြစ်ပြီး၊ လူဦးရေ ၂.၃ သန်းခန့် မှီတင်းနေထိုင်လျက်ရှိပါသည်။ ကမ်းရိုးတန်းလွင်ပြင်များနှင့် တောင်ကုန်းတောင်တန်းများဖြင့် သာယာလှပသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။[1]



[2]

ဂါဘွန်သမ္မတနိုင်ငံတွင် ပြည်နယ်စုစုပေါင်း ၉ ခုရှိပြီး နိုင်ငံ၏ မြို့တော်မှာ **လီဗရာဗဲလ် မြို့တော် (Libreville)**[3] ဖြစ်ပါသည်။ ဂါဘွန်သမ္မတနိုင်ငံတွင် သမပိုင်းမုတ်သုံရာသီဥတုတစ်မျိုးသာရှိပြီး မိုးသစ်တောများစွာရှိကာ နိုင်ငံ၏ ၈၉.၃ ရာခိုင်နှုန်းသည် သစ်တောများဖြင့် ဖုံးလွှမ်းနေပါသည်။ ဂါဘွန်တွင် တိုင်းရင်းသားလူမျိုးစုအရေအတွက် စုစုပေါင်း ၄၀ ရှိပါသည်။ ဂါဘွန်သမ္မတနိုင်ငံ၏ တရားဝင် ရုံးသုံး

---

1 https://en.wikipedia.org/wiki/Gabon

2 https://east-usa.com/world/gabon-map.html

3 ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၏ အပိုဒ် ၂ အရ ဂါဘွန်သမ္မတနိုင်ငံ၏ မြို့တော်ဖြစ်သည့် လီဗရာဗဲလ်မြို့တော် (Libreville) ကို အခြားတစ်နေရာသို့ ပြည်လုံးကျွတ်လူထုဆန္ဒခံယူခြင်းနည်းလမ်းဖြင့်သာ ပြောင်းလဲနိုင်ပါသည်။

ဘာသာစကားမှာ ပြင်သစ်ဘာသာစကား ဖြစ်ပါသည်။[4] ဂါဘွန်သမ္မတနိုင်ငံအနေဖြင့် ပြင်သစ်၏ လက်အောက်သို့ ကျရောက်ခဲ့ဖူးသဖြင့် ပြင်သစ်ဘာသာစကားကို ယခုအချိန်အထိ ရုံးသုံးဘာသာစကားအဖြစ် တရားဝင်သုံးစွဲနေသော်လည်း လက်ရှိ **၁၉၉၁ ခုနှစ် ဂါဘွန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၂ အရ** “ ဂါဘွန်သမ္မတနိုင်ငံတော်သည် မိမိနိုင်ငံ၏ မိရိုးဖလာ ရိုးရာ ဘာသာစကားများကိုလည်း ကာကွယ်စောင့်ရှောက်ပြီး၊ ထိန်းသိမ်းမြှင့်တင်ပေးရန် လုပ်ဆောင်ရမည်” ဟု ပြဋ္ဌာန်းထားပါသည်။ ဂါဘွန်သမ္မတနိုင်ငံ၏ ငွေကြေးမှာ **ဗဟိုအာဖရိက ဖရန့်ငွေကြေး (Central African Franc)** ဖြစ်ပါသည်။ [5]

၁၈၈၅ ခုနှစ်တွင် ဘန်တုလူမျိုးစုများ နေထိုင်သည့် လက်ရှိ ဂါဘွန်သမ္မတနိုင်ငံတည်ရှိရာ နေရာကို ပြင်သစ်နိုင်ငံက သိမ်းပိုက် ရယူခဲ့ပါသည်။ ၁၉၁၀ ပြည့်နှစ်တွင် ဂါဘွန်သည် ပြင်သစ်အီကွေတိုရီရယ် အာဖရိက ဖက်ဒရေးရှင်း ( French Equatorial Africa Federation ) ၏ နယ်မြေအစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့ပါသည်။ ၁၉၅၈ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဂါဘွန်သည် ပြင်သစ်အသိုက်အဝန်း (French Community) အတွင်း တည်ရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ သမ္မတနိုင်ငံတစ်ခုဖြစ်လာခဲ့ပြီး၊ ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် အပြည့်အဝလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါသည်။ ၂၀၂၂ ခုနှစ် ဇွန်လတွင် ဂါဘွန်သမ္မတနိုင်ငံသည် ဓနသဟာယ (Commonwealth of Nations) အဖွဲ့သို့ ၅၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါသည်။[6]

ဂါဘွန်သမ္မတနိုင်ငံသည် ရေနံသယံဇာတကြွယ်ဝပြီး အာဖရိကတိုက်၏ ရေနံအများဆုံး ထုတ်လုပ်သည့်နိုင်ငံများစာရင်းတွင် ပဉ္စမမြောက်နိုင်ငံဖြစ်ပါသည်။ ရေနံကို ပို့ကုန်အဖြစ်တင်ပို့ခြင်းကဏ္ဍသည် ဂါဘွန်သမ္မတနိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍတွင် ၈၀ ရာခိုင်နှုန်းအထိ နေရာယူထားပါသည်။ ဂါဘွန်သမ္မတနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများမှာ ရေနံထုတ်လုပ်ခြင်း နှင့် ရေနံသန့်စင်ခြင်း လုပ်ငန်း၊ သံသတ္တုရိုင်းနှင့် ရွှေများထုတ်လုပ်ခြင်း၊ ဓာတုဗေဒပစ္စည်းများ ထုတ်လုပ်ခြင်း၊ သင်္ဘောပြင်ဆင်သည့် လုပ်ငန်းများ၊ အစားအသောက်နှင့် အဖျော်ယမကာများ ထုတ်လုပ်ခြင်း၊ သစ်အချောထည်နှင့် သစ်ပါးလွှာထုတ်လုပ်ခြင်း လုပ်ငန်းများ၊ ဘိလပ်မြေထုတ်လုပ်ခြင်းနှင့် အထည်အလိပ်ထုတ်လုပ်ခြင်းတို့ ဖြစ်ကြပါသည်။ ဂါဘွန်သမ္မတနိုင်ငံသည် အာဖရိကတိုက်တွင် ဂျီဒီပီအမြင့်ဆုံး ပဉ္စမမြောက်နိုင်ငံ ဖြစ်ပါသည်။ နိုင်ငံသားများ၏ ဝင်ငွေအဆင့်အတန်း အလယ်အလတ်အထက်ရှိသည့်နိုင်ငံ (Upper-Middle-Income Country) ဖြစ်ပါသည်။[7]

ဂါဘွန်သမ္မတနိုင်ငံသည် ရေနံကို ပြည်ပသို့ ပို့ကုန်အဖြစ်တင်ပို့ရောင်းချသည့်နိုင်ငံများအသင်း ( Organization of the Petroleum Exporting Countries (OPEC) ) ၏ အဖွဲ့ဝင်နိုင်ငံအဖြစ်မှ ၁၉၉၅ ခုနှစ်တွင် နုတ်ထွက်ခဲ့ဖူးသော်လည်း၊ ၂၀၁၆ ခုနှစ်တွင် အဆိုပါ အိုပက်အဖွဲ့ (OPEC) သို့ အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ခဲ့ပါသည်။[8]

[4] https://en.wikipedia.org/wiki/Gabon
[5] https://www.addleshawgoddard.com/en/doing-business-in-africa/africa-countries-a-z-list/gabon/
[6] https://en.wikipedia.org/wiki/Gabon
[7] https://en.wikipedia.org/wiki/Gabon
[8] https://en.wikipedia.org/wiki/Gabon

ဂါဘွန်ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၏ အပိုဒ် ၂ တွင် “ ဂါဘွန်သမ္မတနိုင်ငံသည် နိုင်ငံတော်အား ခွဲခြား၍မရသော၊ ဘာသာရေးအရ ဖောင်းပေးမှု မရှိသော (Secular) ၊ ဒီမိုကကရေစီစနစ်ကို ကျင့်သုံးသော၊ လူမှုရေးတက်ကြွသော သမ္မတနိုင်ငံတော်ဖြစ်သည်” ဟု ပြဋ္ဌာန်းထားပါသည်။[9] ဂါဘွန်သမ္မတနိုင်ငံ၏ စုစုပေါင်းလူဦးရေ၏ ၅၃.၄ ရာခိုင်နှုန်းမှာ ရိုမန်ကက်သလစ် ခရစ်ယာန် ဘာသာဝင်များဖြစ်ကြပြီး၊ အခြားခရစ်ယာန်ဘာသာဝင်များ ၂၅.၇ ရာခိုင်နှုန်းရှိပြီး ခရစ်ယာန်ဘာသာဝင် ၇၉ ရာခိုင်နှုန်းကျော်ရှိသည့်နိုင်ငံဖြစ်ပါသည်။ လူဦးရေ၏ ၁၀.၄ ရာခိုင်နှုန်းမှာ မူဆလင်ဘာသာဝင်များဖြစ်ကြပြီး ကျန်ရာခိုင်နှုန်းမှာ အခြားဘာသာဝင်များ ဖြစ်ကြပါသည်။[10]

ဂါဘွန်သမ္မတနိုင်ငံသည် **ပြင်သစ်ဥရောပဥပဒေစနစ် (French Civil Law System)** နှင့် ဓလေ့ထုံးတမ်းဥပဒေ (Customary Law) နှစ်ခုကို ပေါင်းစပ်သည့် ဥပဒေစနစ်ကို ကျင့်သုံးပါသည်။[11]

### ၁။ ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

ဂါဘွန်သမ္မတနိုင်ငံသည် ၁၉၆၀ ပြည့်နှစ်တွင် ပြင်သစ်လက်အောက်မှ လွတ်လပ်ရေးရယူပြီးနောက် ဂါဘွန်သမ္မတနိုင်ငံ၏ ပထမဆုံးဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၁ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၆၁ ခုနှစ် ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၅ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ခဲ့ပြီး၊ **၁၉၉၁ ခုနှစ်**တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်တစ်ဖန် ပြန်လည်ရေးဆွဲ၍ အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ လက်ရှိ ၁၉၉၁ ခုနှစ် ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၃ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် ပြန်လည် ပြင်ဆင်ခဲ့ပါသည်။ လက်ရှိ ၁၉၉၁ ခုနှစ် ဂါဘွန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိဒါန်းပိုင်း (Preamble) ၊ နိုင်ငံတော်အခြေခံရမည့်မူဝါဒများနှင့် လူ့အခွင့်အရေးများဆိုင်ရာ အခန်း (Preliminary Title of Fundamental Principles and Rights) နှင့် အခန်း (Title) ပေါင်း ၁၃ ခန်း ပါဝင်ပြီး၊ ဥပဒေစာပိုဒ် (Article) ပေါင်း ၁၁၉ ပိုဒ်တိတိ ပါရှိပါသည်။

အခန်း (၁) သည် နိုင်ငံတော် နှင့် အချုပ်အခြာအာဏာ ဖြစ်ပါသည်။ အခန်း (၂) သည် အုပ်ချုပ်ရေး ဖြစ်ပါသည်။ အခန်း (၃) သည် ဥပဒေပြုရေး ဖြစ်ပါသည်။ အခန်း (၄) သည် အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုအာဏာများအကြား ဆက်ဆံရေး (The Relationship between the Executive and Legislative Powers) ဖြစ်ပါသည်။ အခန်း (၅) သည် တရားစီရင်ရေး ဖြစ်ပါသည်။ အခန်း (၆) သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (The Constitutional Court) ဖြစ်ပါသည်။ အခန်း (၇) သည် နိုင်ငံတော်အဆင့် ဆက်ဆံရေးကောင်စီ ဖြစ်ပါသည်။ အခန်း (၈) သည် စီးပွားရေး နှင့် လူမှုရေးကောင်စီဖြစ်ပြီး အခန်း (၉) သည် ပြည်သူပိုင်သိမ်းခြင်း (The Local Collectivities) ဖြစ်ပါသည်။ အခန်း (၁၀) သည် အပြည်ပြည်ဆိုင်ရာစာချုပ်များ နှင့် သဘောတူညီချက်များအခန်းဖြစ်ပြီး၊ အခန်း (၁၁) သည် နိုင်ငံခြားရေး ဖြစ်ပါသည်။ အခန်း (၁၂) သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းအခန်း ဖြစ်ပါသည်။ အခန်း (၁၃) သည် ဘဏ္ဍာရေး ဖြစ်ပါသည်။

လက်ရှိ ၁၉၉၁ ခုနှစ် ဂါဘွန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြုရေးကဏ္ဍ အတွက် **ဥပဒေပြုဇယားသီးသန့်မပါရှိပါ။** ထူးခြားချက်မှာ အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုရေးအာဏာ

---

[9] Article 2 - Gabon is an indivisible, secular, democratic and social Republic. It affirms the separation of State and religion, and recognizes all religious beliefs, limited only by the respect of the public order.

[10] https://en.wikipedia.org/wiki/Gabon

[11] https://www.indexmundi.com/gabon/legal_system.html

များအကြား ဆက်ဆံရေး (The Relationship between the Executive and Legislative Powers) ကို အခန်း (၄) တွင် သီးသန့် အခန်းခွဲခြား၍ ပြဋ္ဌာန်းထားပြီး၊ တရားစီရင်ရေးကဏ္ဍတွင် ပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (The Constitutional Court) ကို အခန်း (၆) အဖြစ် သီးသန့် အခန်းခွဲ၍ ပြဋ္ဌာန်းထားပါသည်။ တရားလွှတ်တော်ချုပ် (Supreme Court) ၊ နိုင်ငံတော်ကောင်စီ (Council of the State)[12] ၊ တရားလွှတ်တော် ( High Court of Justice) နှင့် စာရင်းစစ်တရားရုံး (The Court of Accountancy)[13] တို့ကိုမူ အခန်း (၅) တရားစီရင်ရေး အောက်တွင် စုစည်း၍ ပြဋ္ဌာန်းထား ပါသည်။

လက်ရှိ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ နိဒါန်းပိုင်းတွင် " ဂါဘွန်သမ္မတနိုင်ငံသည် Declaration of the Rights of Man and the Citizen (၁၇၈၉)၊ Universal Declaration of Human Rights (၁၉၄၈) နှင့် The African Charter of the Rights of Man and the Rights of Peoples (၁၉၈၁) တို့ပါ ပြဋ္ဌာန်းချက်များကို ဂါဘွန်သမ္မတနိုင်ငံက လိုက်နာပါမည်ဟု အတည်ပြုထားသည့် ပြဋ္ဌာန်းချက်များ အားလုံးကို လေးစား၍ လိုက်နာမည်ဖြစ်ပြီး၊ National Charter of Liberties (၁၉၉၀) ပါ ပြဋ္ဌာန်းချက် များကို အပြည့်အဝ လေးစားလိုက်နာမည်" ဟု ဖော်ပြထားပါသည်။

ထို့အပြင် " နိုင်ငံတော်၏ လွတ်လပ်စွာတည်ရှိမှု (Independence) နှင့် အမျိုးသား စည်းလုံး ညီညွတ်မှု (National Unity) ကို အာမခံပြီး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု (National Sovereignty) ၊ အများဆိုင် ဒီမိုကရေစီစနစ် (Pluralistic Democracy) ၊ လူမှုဘဝ တရားမျှတမှု (Social Justice) နှင့် ဥပဒေအရ တရားဝင် အသိအမှတ်ပြုထားသည့် သမ္မတနိုင်ငံတော်စနစ် (Republican Legality) တို့နှင့် သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများ (principles) ကို စုစည်း၍ ရေးဆွဲပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်" ဟု ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ နိဒါန်းပိုင်းတွင် ပြဋ္ဌာန်းထားပါသည်။

ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်လိုပါက ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်း ပုံအခြေခံဥပဒေ အပိုဒ် ၁၁၆ အရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ဖြစ်စေ သို့မဟုတ် ပါလီမန်လွှတ် တော်၏ ဆန္ဒမဲရယူ၍ဖြစ်စေ ပြင်ဆင်နိုင်ပါသည်။

**၂။ နိုင်ငံတော်အခြေခံမူများနှင့် လူ့အခွင့်အရေးများ**

လက်ရှိ ၁၉၉၁ ခုနှစ် ဂါဘွန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိဒါန်းပိုင်း (Preamble) ပြီးပါက နိုင်ငံတော်အခြေခံရမည့်မူဝါဒများနှင့် လူ့အခွင့်အရေးများဆိုင်ရာ အခန်း (Preliminary Title of Fundamental Principles and Rights) ဖြစ်ပါသည်။ **ကနဦးအခန်း (Preliminary Title)** ဟူ၍ အခြား အခန်း (Title) များနှင့် မတူဘဲ အခန်းတစ်ခန်းအဖြစ် သီးခြားခွဲထုတ်၍ ပြဋ္ဌာန်းထားပါသည်။

---

12 ဂါဘွန်သမ္မတနိုင်ငံ၏ နိုင်ငံတော်ကောင်စီဆိုသည်မှာ **ကောင်စီ**ဟု အမည် တပ်ထားသော်လည်း **တရားရုံး** ဖြစ်ပါသည်။ ဂါဘွန်သမ္မတနိုင်ငံ၏ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အမြင့်ဆုံးတရားရုံး (The Highest Jurisdiction of the State in Administrative Matters) ဖြစ်ပါသည်။

13 ဂါဘွန်သမ္မတနိုင်ငံ၏ စာရင်းစစ်တရားရုံးဆိုသည်မှာ ဂါဘွန်သမ္မတနိုင်ငံ၏ ပြည်သူ့စာရင်းစစ်များ (Public Audits) ၏ စာရင်းစစ်မှတ်ချက်များအပေါ် အခြေပြု၍ စစ်ဆေးစီရင်ဆုံးဖြတ်သည့် ပြည်သူ့ဘဏ္ဍာရေး ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ အမြင့်ဆုံး တရားရုံး (The Highest Authority of the State Regarding the Control of Public Finances) ဖြစ်ပါသည်။

နိုင်ငံတော်အခြေခံရမည့်မူဝါဒများနှင့် လူ့အခွင့်အရေးများဆိုင်ရာ အခန်း (Preliminary Title of Fundamental Principles and Rights) တွင် ဥပဒေစာပိုဒ် **"အပိုဒ် ၁"** တစ်ပိုဒ်သာ ပါဝင်ပြီး အဆိုပါ **အပိုဒ် ၁** တွင် **အချက် ၂၃ ချက်** ပါဝင်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်ခွင့်၊ လွတ်လပ်စွာတွေးခေါ် ပိုင်ခွင့်၊ လွတ်လပ်စွာဆက်သွယ်ခွင့်၊ လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆို ပိုင်ခွင့်၊ တရားရုံးတွင် ခုခံချေပခွင့်၊ ကျား/မ မရွေး တူညီသော အလုပ်အကိုင်အခွင့်အလမ်း ရပိုင်ခွင့်၊ ကလေးသူငယ် နှင့် ကိုယ်ဝန်ဆောင်မိခင်ဆိုင်ရာ အခွင့်အရေးများ၊ နိုင်ငံတော်အတွင်း နိုင်ငံသားများ အနေဖြင့် လွတ်လပ်စွာအခြေချနေထိုင်ပိုင်ခွင့် အစရှိသည့် လူ့အခွင့်အရေးများကို ဖော်ပြထားပါသည်။ ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၏ **အပိုဒ် ၁ (၁၄)** တွင် " မိသားစုစနစ်သည် လူ့ အဖွဲ့အစည်း၏ အခြေခံကျသည့် သဘာဝတရား ဖြစ်သည့်အတွက် ဂါဘွန်သမ္မတနိုင်ငံတွင် ဥပဒေအရ လက်ထပ်ထိမ်းမြားထားခြင်းကိုသာ အသိအမှတ်ပြုသည်၊ ဥပဒေအရ ထိမ်းမြားထားပါက နိုင်ငံတော် အနေဖြင့် ဥပဒေကြောင်းအရ အကာအကွယ်ပေးရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၏ နိုင်ငံတော်အခြေခံရမည့်မူဝါဒများနှင့် လူ့အခွင့်အရေးများဆိုင်ရာအခန်း **အပိုဒ် ၁ (၁၅)** တွင် " နိုင်ငံတော်အနေဖြင့် ၁၀ နှစ်လျှင် တစ်ကြိမ် အထွေထွေ လူဦးရေသန်းခေါင်စာရင်းကို စုစည်းကောက်ယူရန် တာဝန်ရှိသည်" ဟု ပြဋ္ဌာန်းထားပါ သည်။

### ၃ ။ အုပ်ချုပ်ရေး

### ၃-၁ နိုင်ငံတော်သမ္မတ

ဂါဘွန်သမ္မတနိုင်ငံ၏ နိုင်ငံတော်သမ္မတသည် ဂါဘွန်သမ္မတနိုင်ငံ၏ နိုင်ငံတော်အကြီးအကဲ ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်၏ မူဝါဒများကို သတ်မှတ်ပေးပါသည်။ နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေးမဏ္ဍိုင်တွင် အဆင့်အမြင့်ဆုံး ပုဂ္ဂိုလ် ဖြစ်ပြီး ၎င်း၏ လုပ်ပိုင်ခွင့် အခွင့်အာဏာများကို ၎င်း၏သဘောဆန္ဒအရ ဝန်ကြီးချုပ်ထံ မျှဝေနိုင် ပါသည်။[14] နိုင်ငံတော်သမ္မတ၏ သက်တမ်းသည် (၇) နှစ် ဖြစ်ပြီး နိုင်ငံတော်သမ္မတကို ရွေးကောက် တင်မြှောက်ရာတွင် ပြည်သူ့သဘောဆန္ဒကိုရယူကာ တိုက်ရိုက်ရွေးကောက်တင်မြှောက်သည့် သမ္မတ ရွေးကောက်တင်မြှောက်ပွဲမှတဆင့် မဲအများဆုံးရရှိသူကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ပါသည်။ နိုင်ငံတော်သမ္မတအဖြစ် ပြန်လည်၍ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကို လွတ်လပ်စွာ ခွင့်ပြုထား ပြီး[15] ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အကြိမ်ရေကို ဖွဲ့စည်းပုံအခြေခံဥပဒေက ကန့်သတ်မထားပါ။

အနည်းဆုံး အသက် ၄၀ နှစ် ပြည့်ပြီး ဂါဘွန်နိုင်ငံအတွင်း အနည်းဆုံး (၁၂) နှစ် အခြေချနိုင် ထိုင်ဖူးသူ၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရန် အရည်အချင်းများနှင့် ပြည့်စုံသည့် မည်သည့် ဂါဘွန်နိုင်ငံသား (ကျား/မ) မဆို နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်။ နိုင်ငံခြားအစိုးရ၏ နိုင်ငံသားအဖြစ် သို့မဟုတ် နိုင်ငံခြား၏ ကျေးဇူးသစ္စာကို ခံယူသူသည် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိပါ။ နိုင်ငံတော်သမ္မတရွေးကောက်ပွဲကို

---

[14] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈

[15] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၉

မစတင်မီ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းတစ်ဦးဦးသည် ကွယ်လွန်သွားခြင်း သို့တည်းမဟုတ် သမ္မတရွေးကောက်ပွဲကိုနှောင့်နှေးစေသည့် အကြောင်းတရား တစ်ရပ်ရပ်ပေါ်ပေါက်ခဲ့ပါက **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး**သည် နိုင်ငံတော်သမ္မတရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်သော အာဏာရှိပါသည်။[16] ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နိုင်ငံတော်သမ္မတရွေးကောက်ပွဲကို အထက်ပါအတိုင်း ရွှေ့ဆိုင်းလိုက်ပါက လက်ရှိနိုင်ငံတော်သမ္မတသည် နောက်ထပ် နိုင်ငံတော်သမ္မတအသစ် ရွေးကောက်တင်မြှောက်ခံရခြင်း မရှိသေးမီ အချိန်ကာလအထိ မိမိ၏တာဝန်ကို ဆက်လက်၍ ထမ်းဆောင်ရပါမည်။[17]

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက နိုင်ငံတော်သမ္မတရွေးကောက်ပွဲ၏ ရလဒ်များကို စိစစ်၍ နိုင်ငံတော်သမ္မတအဖြစ်အတည်ပြုကြောင်း ဆုံးဖြတ်ချက်ကို မချမှတ်ရသေးမီ၊ နိုင်ငံတော်သမ္မတရွေးကောက်ပွဲ၏ရလဒ်များကိုအကြောင်းပြု၍ နိုင်ငံတော်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပိုင်ခွင့် မရှိပါ။ နိုင်ငံတော်သမ္မတရွေးကောက်ပွဲနှင့်သက်ဆိုင်သော **သက်ဆိုင်ရာအဖွဲ့အစည်း၏** နိုင်ငံတော်သမ္မတရွေးကောက်ပွဲ၏ ရလဒ်များအပေါ် ကြေညာချက်များကို ထုတ်ပြန်ပြီးချိန်တွင် **အငြင်းပွားမှု တစ်စုံတစ်ရာမရှိပါက** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက နိုင်ငံတော်သမ္မတရွေးကောက်ပွဲ၏ ရလဒ်များကို အတည်ပြုသည့် ဆုံးဖြတ်ချက်ကို ၈ ရက်အတွင်း ထုတ်ပြန်ကြေညာပေးရမည် ဖြစ်ပါသည်။[18]

အခြေအနေတစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ အမြဲတမ်း မကျန်းမမာဖြစ်သည့် အနေအထား တစ်ရပ်ရပ်ကြောင့်ဖြစ်စေ နိုင်ငံတော်သမ္မတ၏ ရာထူးနေရာ လစ်လပ်ခဲ့ပါက **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည်** အစိုးရအဖွဲ့၏ အဖွဲ့ဝင်များအားလုံးကိုခေါ်ယူ၍ (သို့မဟုတ်) အကယ်၍ အစိုးရအဖွဲ့၏ အဖွဲ့ဝင်များအားလုံးကိုခေါ်ယူ၍မရပါက ပါလီမန်လွှတ်တော်ရှိ လွှတ်တော်နှစ်ရပ်၏ ဗြူရိုများကို ခေါ်ယူ၍ **အထက်လွှတ်တော်ဥက္ကဋ္ဌအား** နိုင်ငံတော်သမ္မတ၏တာဝန်များကို ယာယီ လွှဲအပ်နိုင်သည်။ အကယ်၍ အဆိုပါအနေအထားတွင် အထက်လွှတ်တော်ဥက္ကဋ္ဌရာထူးနေရာ လစ်လပ်နေပါက **ဒုတိယအထက်လွှတ်တော်ဥက္ကဋ္ဌ**အား နိုင်ငံတော်သမ္မတ၏ တာဝန်များကို ယာယီ လွှဲအပ်နိုင်သည်။ [19] ၂၀၁၈ ခုနှစ်တွင် ဂါဘွန်နိုင်ငံ၏ နိုင်ငံတော်သမ္မတ အလီဘွန်ဂိုအွန်ဒင်ဘား (Ali Bongo Ondimba) သည် ကာလတန်ကြာ နေမကောင်းဖြစ်ခဲ့ရာ ပြည်သူလူထု၏ မြင်ကွင်းမှ လအတန်ကြာ ပျောက်ကွယ် နေခဲ့ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အရေးပေါ်အခြေအနေကို ကြေညာပြီး အထက်လွှတ်တော်ဥက္ကဋ္ဌအား နိုင်ငံတော်သမ္မတ၏ တာဝန်များကို ယာယီလွှဲအပ်ခဲ့ပါသည်။

---

[16] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၁၀

[17] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၁၀

[18] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၁၁ (က)

[19] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၁၃

နိုင်ငံတော်သမ္မတ အလီဘွန်ဂိုအွန်ဒင်ဘား (Ali Bongo Ondimba) သည် ထိုသို့ နာမကျန်းစဖြစ်ပြီး ၁၀ လအကြာ ၂၀၁၉ ခုနှစ်တွင် မိမိ၏ မူလတာဝန်များကို ပြန်လည်ရယူခဲ့ပါသည်။[20]

## ၃-၂ ဒုတိယသမ္မတ

ဒုတိယသမ္မတသည် နိုင်ငံတော်သမ္မတ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုပေးသည့် လက်ထောက်သမ္မတ ဖြစ်ပါသည်။ ဒုတိယသမ္မတကို နိုင်ငံတော်သမ္မတက ပါလီမန်လွှတ်တော်သို့ အမည်စာရင်းတင်သွင်း၍ ခန့်အပ်ခြင်းဖြစ်ပြီး နိုင်ငံတော်သမ္မတသည် ပါလီမန်လွှတ်တော်ရှိ လွှတ်တော်နစ်ရပ်၏ သဘောတူညီချက်ဖြင့် ဒုတိယသမ္မတကို ရာထူးမှဖယ်ရှားနိုင်ပါသည်။ နိုင်ငံတော်သမ္မတသည် ဒုတိယသမ္မတကိုခန့်အပ်ရာတွင် ပါလီမန်လွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ ဥပဒေပြုလွှတ်တော်ပြင်ပမှ ပုဂ္ဂိုလ်များထဲကဖြစ်စေ ရွေးချယ် ခန့်အပ်နိုင်ပါသည်။[21] ဒုတိယသမ္မတသည် နိုင်ငံတော်သမ္မတက ၎င်းအား ခန့်အပ်သရွေ့ တာဝန်ထမ်းဆောင်ပိုင်ခွင့်ရှိသည်။[22]

## ၃-၃ အစိုးရအဖွဲ့

အစိုးရအဖွဲ့ကို ဝန်ကြီးချုပ် (Prime Minister) နှင့် အခြားအစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြင့် ဖွဲ့စည်းထားပါသည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ အကြီးအမှူး (Chief of Government) ဖြစ်ပါသည်။[23] အစိုးရအဖွဲ့သည် နိုင်ငံတော်၏ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းဖြစ်ပါသည်။ အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်သမ္မတနှင့် အောက်လွှတ်တော် (National Assembly) ကို တာဝန်ခံရပါသည်။[24] ဂါဘွန်သမ္မတနိုင်ငံ၏ အစိုးရအဖွဲ့ဝင်များသည် လွှတ်တော်ကိုယ်စားလှယ်ရာထူးကို တစ်ပြိုင်တည်း ရယူပိုင်ခွင့်မရှိပါ။ [25]

နိုင်ငံတော်သမ္မတသည် ဝန်ကြီးများကောင်စီတွင်ပါဝင်မည့် **အဖွဲ့ဝင်ဝန်ကြီးများ**၊ နိုင်ငံတော်၏ အရပ်ဘက် နှင့် တပ်ဘက်ဆိုင်ရာ အဆင့်မြင့် ရာထူးတာဝန်များကို ထမ်းဆောင်ရမည့် ပုဂ္ဂိုလ်များ (Superior Civil and Military Duties of the State) ၊ သံအမတ်ကြီးများနှင့် ပတ်သက်သည့် အမည်စာရင်းကို ပါလီမန်လွှတ်တော်သို့ တင်သွင်းရပါမည်။[26] ဝန်ကြီးချုပ်သည် ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၂၀ တွင် ဖော်ပြထားသည့် နိုင်ငံတော်၏ အရပ်ဘက် နှင့် တပ်ဘက်ဆိုင်ရာ အဆင့်မြင့်ရာထူးတာဝန်များကို ထမ်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် ပတ်သက်သည့်

---

[20] https://constitutionnet.org/news/revision-gabonese-constitution-between-contestation-modernization-and-inconsistencies

[21] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၁၄ (က)

[22] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၁၄ (ဃ)

[23] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၃၁

[24] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၂၈

[25] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၃၂

[26] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၂၀

အမည်စာရင်းကို ပါလီမန်လွှတ်တော်သို့တင်သွင်းခြင်းစသည့် နိုင်ငံတော်သမ္မတ၏ လုပ်ငန်းတာဝန်အချို့ကို နိုင်ငံတော်သမ္မတ၏ကိုယ်စား တာဝန်ယူ ဆောင်ရွက်နိုင်ပါသည်။ [27]

ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၁၆ အရ နိုင်ငံတော်သမ္မတသည် ဝန်ကြီးများကောင်စီ၏ လုပ်ဆောင်ချက်များကို လွှမ်းမိုးဆုံးဖြတ်နိုင်သည့် အခွင့်အာဏာရှိပါသည်။

## ၃-၄ ဝန်ကြီးချုပ်

နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်ခန့်အပ်ရန် ပါလီမန်လွှတ်တော်သို့ အမည်စာရင်း တင်သွင်း၍ ခန့်အပ်ရပါသည်။ နိုင်ငံတော်သမ္မတသည် မိမိခန့်အပ်ထားသည့် ဝန်ကြီးချုပ်ကို **မိမိ၏ သဘောဆန္ဒအရဖြစ်စေ၊** ဝန်ကြီးချုပ်က ၄င်း၏ရာထူးမှ နုတ်ထွက်လိုကြောင်း တင်ပြလာသည့်အခါဖြစ်စေ၊ ပါလီမန်လွှတ်တော်ရှိ အောက်လွှတ်တော်က မဲခွဲဆုံးဖြတ်၍ ဝန်ကြီးချုပ်ကို ရာထူးမှဖယ်ရှားလိုသည့်အခါဖြစ်စေ ရာထူးမှ ရပ်စဲနိုင်သည်။ [28]

## ၄။ ဥပဒေပြုရေး

ဥပဒေပြုအာဏာကို ပါလီမန်လွှတ်တော်သို့ အပ်နှင်းထားပါသည်။ ပါလီမန်လွှတ်တော်တွင် အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (National Assembly) နှစ်ရပ် ရှိပါသည်။ အောက်လွှတ်တော်ကိုယ်စားလှယ်များကို တိုက်ရိုက်ရွေးကောက်တင်မြှောက်ပြီး၊ သက်တမ်း မှာ ၅ နှစ် ဖြစ်ပါသည်။ အထက်လွှတ်တော်ကို တိုက်ရိုက်ရွေးကောက်တင်မြှောက်ပြီး၊ သက်တမ်း မှာ ၆ နှစ် ဖြစ်ပါသည်။ ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၃၀ အရ ဥပဒေများ၊ တစ်ချက်လွှတ်အမိန့်များနှင့် ဒီကရီအမိန့်များကို မူကြမ်းရေးဆွဲခြင်း လုပ်ငန်းများ ( Projects of Law, Ordinances and Regulatory Decrees ) ကို ဝန်ကြီးများကောင်စီ (Council of Ministers) က နိုင်ငံတော်ကောင်စီ (Council of State) [29] ကို အတိုင်ပင်ခံကာ လုပ်ငန်းဆောင်ရွက်ရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန်လွှတ်တော်သည် လွှတ်တော်သို့ တင်သွင်းလာသော ဥပဒေကြမ်းများအပေါ် မဲခွဲဆုံးဖြတ်ခြင်း၊ အခွန်အကောက်ဆိုင်ရာ မူဝါဒများကို အတည်ပြု ဆုံးဖြတ်ပေးခြင်းနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကိုအပြန်အလှန်ထိန်းကျောင်းခြင်း လုပ်ငန်းစဉ်များ ကို ဆောင်ရွက်ပါသည်။[30] ပါလီမန်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်များကို ၄င်းတို့၏သဘောဆန္ဒအရ လွှတ်တော်တွင် ဆွေးနွေးတင်ပြခြင်းနှင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအပေါ် တရားစွဲဆိုခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ တရားစီရင်ခြင်းများ ပြုလုပ်၍မရပါ။[31]

---

[27] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၂၉

[28] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၁၅

[29] ဂါဘွန်သမ္မတနိုင်ငံ၏ နိုင်ငံတော်ကောင်စီဆိုသည်မှာ **ကောင်စီ**ဟု အမည် တပ်ထားသော်လည်း **တရားရုံး** ဖြစ်ပါသည်။ ဂါဘွန်သမ္မတနိုင်ငံ၏ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အမြင့်ဆုံးတရားရုံး (The Highest Jurisdiction of the State in Administrative Matters) ဖြစ်ပါသည်။

[30] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၃၆

[31] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၃၈

ပါလီမန်လွှတ်တော်သည် တစ်နှစ်လျှင် နှစ်ကြိမ် ပုံမှန်အစည်းအဝေးကျင်းပရပါမည်။[32] ပါလီမန်လွှတ်တော်၏ အစည်းအဝေးများကို တံခါးပိတ်မကျင်းပရဘဲ လူသိရှင်ကြား ကျင်းပရပါမည်။[33] အကယ်၍ ပါလီမန်လွှတ်တော်ရှိ လွှတ်တော်တစ်ရပ်စီမှ ကိုယ်စားလှယ်များ၏ ငါးပုံ တစ်ပုံက ဖြစ်စေ၊ နိုင်ငံတော်သမ္မတကဖြစ်စေ၊ နိုင်ငံတော်ဝန်ကြီးချုပ်ကဖြစ်စေ တောင်းဆိုလာပါက ပါလီမန်လွှတ်တော်၏ အစည်းအဝေးများကို ကင်မရာကို အသုံးပြုသည့် အစည်းအဝေး (In-camera Session) ပုံစံဖြင့် ကျင်းပနိုင်သည်။

ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၄၄ အရ ပါလီမန်လွှတ်တော်သည် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများ နှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စများတွင် လွတ်လပ်စွာ ဥပဒေပြုနိုင်သည်။ ထို့ကြောင့် ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) တွင် **ဥပဒေပြုဇယား မပါရှိပါ။**

**၅။ တရားစီရင်ရေး**

ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၏ အပိုဒ် ၆၇ အရ ဂါဘွန်သမ္မတနိုင်ငံ၏ တရားစီရင်ရေးမဏ္ဍိုင်တွင် -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊

(၂) တရားလွှတ်တော်ချုပ်၊

(၃) စီမံအုပ်ချုပ်ရေးဆိုင်ရာတရားရုံး၊

(၄) ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာတရားရုံး၊

(၅) တရားလွှတ်တော်နှင့်

(၆) ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများဖြင့် ဖွဲ့စည်းထားပါသည်။

ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (Constitutional Court) သည် ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမြင့်ဆုံးတရားရုံး ဖြစ်ပါသည်။ [34]

ဂါဘွန်သမ္မတနိုင်ငံ၏ တရားလွှတ်တော်ချုပ် (Supreme Court) သည် ဂါဘွန်သမ္မတနိုင်ငံ၏ တရားမမှုများ၊ ပြစ်မှုများ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုအခင်းများ၊ လူမှုရေးဆိုင်ရာ အမှုအခင်းများနှင့် အယူခံမှုများအတွက် အမြင့်ဆုံးတရားရုံးဖြစ်ပါသည်။[35]

ဂါဘွန်သမ္မတနိုင်ငံ၏ နိုင်ငံတော်ကောင်စီ (Council of the State) ဆိုသည်မှာ ကောင်စီ (Council) ဟု အမည် တပ်ထားသော်လည်း တရားရုံး ဖြစ်ပါသည်။ ဂါဘွန်သမ္မတနိုင်ငံ၏ စီမံခန့်ခွဲရေး

---

[32] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၄၁

[33] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၄၄

[34] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၃

[35] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၇၃

ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အမြင့်ဆုံးတရားရုံး (The Highest Jurisdiction of the State in Administrative Matters) ဖြစ်ပါသည်။[36]

ဂါဘွန်သမ္မတနိုင်ငံ၏ စာရင်းစစ်တရားရုံး (The Court of Accountancy) ဆိုသည်မှာ ဂါဘွန်သမ္မတနိုင်ငံ၏ ပြည်သူ့စာရင်းစစ်များ (Public Audits) ၏ စာရင်းစစ်မှတ်ချက်များအပေါ် အခြေပြု၍ စစ်ဆေးစီရင်ဆုံးဖြတ်သည့် ပြည်သူ့ဘဏ္ဍာရေး ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ အမြင့်ဆုံး တရားရုံး (The Highest Authority of the State Regarding the Control of Public Finances) ဖြစ်ပါသည်။[37]

ဂါဘွန်သမ္မတနိုင်ငံ၏ တရားလွှတ်တော် ( High Court of Justice ) ဆိုသည်မှာ ဂါဘွန်သမ္မတ နိုင်ငံ၏ နိုင်ငံတော်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းကို ချိုးဖောက်ခြင်း၊ နိုင်ငံတော်ကို ပုန်ကန်ခြင်းစသည့် အမှုအခင်းမျိုးပေါ်ပေါက်ပါက **ယာယီတည်ထောင်သည့် တရားလွှတ်တော်** ဖြစ်ပါသည်။[38]

**၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး**

ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၃ အရ ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (Constitutional Court) သည် ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အမြင့်ဆုံးတရားရုံး ဖြစ်ပါသည်။ ဂါဘွန်သမ္မတ နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဂါဘွန်သမ္မတနိုင်ငံ၏ ပြည်တွင်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီ စစ်ဆေးစီရင်သည့်တရားရုံး ဖြစ်သကဲ့သို့ ဂါဘွန်သမ္မတနိုင်ငံ၏ **ရွေးကောက်ပွဲများ**နှင့်ပတ်သက်၍ **ရလဒ်ကို အတည်ပြုပေးသည့်** တရားရုံးဖြစ်ပါသည်။



**ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ရုံးအဆောက်အဦ**

[36] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၇၄

[37] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၇၆

[38] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၇၈

## ၆-၁ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တာဝန်ဝတ္တရားများ

ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၄ အရ ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် -

(၁) ဂါဘွန်သမ္မတနိုင်ငံက ချုပ်ဆိုမည့် အပြည်ပြည်ဆိုင်ရာစာချုပ်များ (Treaties) နှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ (International Accords) ကို ချုပ်ဆိုခြင်း မပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီ စိစစ်ဆုံးဖြတ်ခြင်း၊

(၂) ဂါဘွန်သမ္မတနိုင်ငံ၏ လူဦးရေ အထွေထွေ သန်းခေါင်စာရင်းကောက်ယူခြင်း ရလဒ်ကို ဆုံးဖြတ်အတည်ပြုခြင်း၊

(၃) ဂါဘွန်သမ္မတနိုင်ငံ၏ အဖွဲ့အစည်းဆိုင်ရာ ပင်မဥပဒေများ (Organic Laws) နှင့် အခြားဥပဒေများ(Laws)ကို တရားဝင်ပြဋ္ဌာန်းခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လူ့အခွင့်အရေးများ၊ ပြည်သူ့လွတ်လပ်ခွင့်များနှင့် ညီ မညီ စိစစ်ဆုံးဖြတ်ခြင်း၊

(၄) အထက်လွှတ်တော်နှင့် အောက်လွှတ်တော်၏ ထုတ်ပြန်ချက်များကို မကြေညာမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီ စိစစ်ဆုံးဖြတ်ခြင်း၊

(၅) နိုင်ငံတော်နှင့် အဖွဲ့အစည်းများအကြား ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်းနှင့်

(၆) နိုင်ငံတော်သမ္မတရွေးကောက်ပွဲ၊ ပါလီမန်လွှတ်တော်ဆိုင်ရာ ရွေးကောက်ပွဲများ၊ ဒေသန္တရရွေးကောက်ပွဲများနှင့် ပြည်လုံးကျွတ်ပြည်သူ့ဆန္ဒခံယူပွဲများ၏ ရလဒ်များကို စစ်ဆေးစိစစ်၍ ရလဒ်များကိုအတည်ပြုခြင်းစသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပါသည်။

ထို့အပြင် ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၈ အရ ဂါဘွန်သမ္မတနိုင်ငံ၏ နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်ဝန်ကြီးချုပ် သို့မဟုတ် အထက်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အောက်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အထက်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ၁၀ ပုံ ၁ ပုံ သို့မဟုတ် အောက်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ၁၀ ပုံ ၁ ပုံက တင်ပြ တောင်းဆိုလာပါက ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် **ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးခြင်း** နှင့် စာသားတစ်ရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီ **အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးခြင်း**တို့ကို ဆောင်ရွက်ပေးပိုင်ခွင့်ရှိသည်။

ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၅ အရ ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီဟု ကြေညာထားသည့် ဥပဒေ (Law) သို့မဟုတ် အက်ဥပဒေ (Act) တစ်ရပ်ရပ်ကို ထုတ်ပြန်ပြဋ္ဌာန်းခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ပိုင်ခွင့်မရှိပေ။

ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၅ အရ ဥပဒေ (Law) သို့မဟုတ် အက်ဥပဒေ (Act) တစ်ရပ်ရပ်ကို ဥပဒေအဖြစ် ပြဋ္ဌာန်းခြင်းမပြုမီ ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီဟု ဆုံးဖြတ်လိုက်ပါက ပါလီမန်

လွှတ်တော်သည် အဆိုပါ ဥပဒေ (Law) သို့မဟုတ် အက်ဥပဒေ(Act) တစ်ရပ်ရပ်ကို လွှတ်တော်၏ နောက်တစ်ကြိမ် ပုံမှန်အစည်းအဝေး၌ ပြန်လည်သုံးသပ်၍ ပြင်ဆင်ရပါမည်။

ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၁၁၃ နှင့် ၁၁၅ အရ ဂါဘွန်သမ္မတနိုင်ငံက ချုပ်ဆိုမည့် အပြည်ပြည်ဆိုင်ရာစာချုပ်များ (Treaties) နှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ (International Accords) ကို ချုပ်ဆိုခြင်း မပြုမီ ဂါဘွန်သမ္မတနိုင်ငံ၏ နိုင်ငံတော်သမ္မတ သို့မဟုတ် ဝန်ကြီးချုပ် သို့မဟုတ် အောက်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အောက်လွှတ်တော်ကိုယ်စားလှယ်အရေအတွက်စုစုပေါင်း၏ ဆယ်ပုံတစ်ပုံက ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီ စိစစ်ဆုံးဖြတ်ပေးရန်အတွက် တင်သွင်းရပါမည်။

ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၄ (၁) အရ ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၁၁၃ နှင့် ၁၁၅ အရ ဂါဘွန်သမ္မတနိုင်ငံက ချုပ်ဆိုမည့် အပြည်ပြည်ဆိုင်ရာစာချုပ်များ (Treaties) နှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ (International Accords) ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီ စိစစ်ဆုံးဖြတ်ပေးရန် တာဝန်ရှိပါသည်။

အကယ်၍ ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဂါဘွန်သမ္မတနိုင်ငံက ချုပ်ဆိုမည့် အပြည်ပြည်ဆိုင်ရာစာချုပ်များ (Treaties) နှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ (International Accords) တွင် ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သည့် စာပိုဒ် တစ်ရပ်ရပ်ကို တွေ့ရှိကြောင်း ဆုံးဖြတ်ပါက အဆိုပါ အပြည်ပြည် ဆိုင်ရာစာချုပ် (Treaty) နှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (International Accord) တစ်ရပ်ရပ်ကို ဂါဘွန်သမ္မတနိုင်ငံအနေဖြင့် အတည်ပြုပိုင်ခွင့်မရှိပေ။[39]

ဂါဘွန်သမ္မတနိုင်ငံ၏ အဖွဲ့ အစည်းဆိုင်ရာ ပင်မဥပဒေများ (Organic Laws) နှင့် အခြားဥပဒေများ(Laws)ကို တရားဝင် ပြဋ္ဌာန်းခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လူ့အခွင့်အရေးများ၊ ပြည်သူ့လွတ်လပ်ခွင့်များနှင့် ညီ မညီ စိစစ် ဆုံးဖြတ်ခြင်းဆောင်ရွက်ရာတွင် ပုံမှန်အားဖြင့် တစ်လတာကာလအထိ အချိန်ယူ ဆောင်ရွက်ပေးရန် ဖြစ်သော်လည်း၊ အကယ်၍ ဂါဘွန်သမ္မတနိုင်ငံအစိုးရက ဥပဒေအဖြစ် အလျင်အမြန် ထုတ်ပြန် ပြဋ္ဌာန်းလိုသည့် ကိစ္စမျိုးတွင်မူ တစ်လတာကာလအစား (၈) ရက် အတွင်း လုပ်ငန်းဆောင်ရွက်ပေးနိုင်သည်။[40]

## ၆-၂ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသူများ

ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၅ အရ ဂါဘွန်သမ္မတနိုင်ငံ၏ ဝန်ကြီးချုပ်သည် ဂါဘွန်သမ္မတနိုင်ငံ၏ အဖွဲ့အစည်းဆိုင်ရာ ပင်မဥပဒေ (Organic Law) တစ်ရပ်ရပ်ကို ဥပဒေအဖြစ်ပြဋ္ဌာန်းခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံ တင်သွင်းရပါမည်။

[39] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၇

[40] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၅

ဂါဘွန်သမ္မတနိုင်ငံ၏ **အဖွဲ့အစည်းဆိုင်ရာ ပင်မဥပဒေ (Organic Law) တစ်ရပ်ရပ်မှ လွဲ၍** အခြားဥပဒေ (Law) တစ်ရပ်ရပ်ကို ဥပဒေအဖြစ်ပြဋ္ဌာန်းခြင်းမပြုမီ ဂါဘွန်သမ္မတနိုင်ငံ၏ နိုင်ငံတော်သမ္မတ သို့မဟုတ် အထက်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အောက်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ကောင်စီ (Council of the State) နှင့် စာရင်းစစ်တရားရုံး (The Court of Accountancy) တို့၏ ဥက္ကဋ္ဌများက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံ တင်သွင်းရပါမည်။

ထိုသို့တင်သွင်းလာပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၄ (၃) အရ အဖွဲ့အစည်းဆိုင်ရာပင်မဥပဒေများ(Organic Laws)နှင့် အခြားဥပဒေများ (Laws) ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါလူ့အခွင့်အရေးများ၊ပြည်သူ့လွတ်လပ်ခွင့်များနှင့် ညီ မညီ စိစစ်ဆုံးဖြတ်ရမည်ဖြစ်ပါသည်။

ဥပဒေ (Law) သို့မဟုတ် အက်ဥပဒေ (Act) တစ်ရပ်ရပ်ကြောင့် ထိခိုက်နစ်နာခဲ့ပါက ထိုသို့ ထိခိုက်နစ်နာသည့် **နိုင်ငံသား (Citizen) တစ်ဦးဦးကဖြစ်စေ၊** ထိုသို့ ထိခိုက်နစ်နာသည့် ဥပဒေအရ အသိအမှတ်ပြုထားသော ပုဂ္ဂိုလ်တစ်ဦးဦး **(Moral Person) က ဖြစ်စေ** အဆိုပါ ဥပဒေ သို့မဟုတ် အက်ဥပဒေတစ်ရပ်ရပ်ကြောင့် ထိခိုက်နစ်နာမှုနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်ကို ရယူရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံ အမှုတင်သွင်းနိုင်ပါသည်။[41]

ထိုသို့တင်သွင်းရာတွင် ထိခိုက်နစ်နာသည့် နိုင်ငံသား (Citizen) တစ်ဦးဦး သို့မဟုတ် ဥပဒေအရ အသိအမှတ်ပြုထားသော ပုဂ္ဂိုလ်တစ်ဦးဦး (Moral Person) က တည်ဆဲ ဥပဒေ (Law) သို့မဟုတ် အက်ဥပဒေ (Act) တစ်ရပ်ရပ်ကြောင့် ထိုသို့ထိခိုက်နစ်နာခဲ့မှုသည် ၎င်းတို့၏ အခြေခံအခွင့်အရေးကို ချိုးဖောက်ခံရခြင်း ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ကြောင်း အမှုတင်သွင်းရာတွင် ရှင်းလင်းစွာ ဖော်ပြနိုင်မှသာ အမှုတင်သွင်းနိုင်ပါသည်။ [42]

### ၆-၃ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဖွဲ့စည်းပုံ

ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၈ အရ ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် (၉) ဦး ဖြင့် ဖွဲ့စည်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သက်တမ်းမှာ (၇) နှစ် ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သက်တမ်း (၇) နှစ်ပြည့်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံး ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် (၉) ဦးကို အသစ်တစ်ဖန် ပြန်လည် ခန့်အပ်ရာတွင် လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဥက္ကဋ္ဌအပါအဝင် စုစုပေါင်း အဖွဲ့ဝင် (၉) ဦးထဲမှ **၃ ပုံ နှစ်ပုံ ( (၆) ဦး)** ကိုသာ ပြန်လည်ရွေးချယ်ခန့်အပ်နိုင်ပြီး၊ **ကျန် (၃) ဦးကို** လူပုဂ္ဂိုလ်အသစ်ထဲမှ ရွေးချယ်ခန့်အပ်ရပါမည်။

ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၉ အရ ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားသူကြီး **(Constitutional Judge)** ဟု ခေါ်ဝေါ်ရန် သတ်မှတ်ထားပါသည်။

[41] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၅

[42] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၆

ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဖွဲ့စည်းရန်အတွက် ပါလီမန်လွှတ်တော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားသူကြီးများ (Constitutional Judges) ခန့်အပ်ရန်အတွက် အမည်စာရင်း တင်သွင်းရာတွင် အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) နိုင်ငံတော်သမ္မတက (၃) ဦး ၊

(၂) အထက်လွှတ်တော်ဥက္ကဋ္ဌက (၃) ဦး၊

(၃) အောက်လွှတ်တော်ဥက္ကဋ္ဌက (၃) ဦး။

နိုင်ငံတော်သမ္မတက ပါလီမန်လွှတ်တော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားသူကြီးများ (Constitutional Judges) ခန့်အပ်ရန်အတွက် တင်သွင်းသည့် အမည်စာရင်း (၃) ဦး တွင် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ **ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုသည့် ပုဂ္ဂိုလ်တစ်ဦး၏ အမည်သည် ပူးတွဲ၍ ပါဝင်ရမည်။**

နိုင်ငံတော်သမ္မတ၊ အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌတို့က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားသူကြီးများခန့်အပ်ရန်အတွက် အမည်စာရင်း (၃) ဦးစီ တင်သွင်းခွင့်ရှိရာ အဆိုပါ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီး အမည်စာရင်း (၃) ဦး စီတွင် နှစ်ဦးစီကို ဥပဒေပညာရှင်များ (Jurists) ထဲမှ ရွေးချယ်တင်သွင်းရန်ဖြစ်ပြီး၊ ကျန်တစ်ဦးစီသည် တရားသူကြီးရာထူး၌ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်ရပါမည်။ ဥပဒေပညာရှင်များ (Jurists) ဟုဆိုရာတွင် အဆင့်မြင့်တရားသူကြီးများကောင်စီက ဥပဒေပညာရှင်အဖြစ် အသိအမှတ်ပြုထားသည့် ဥပဒေပညာရှင်များစာရင်းပါ ဥပဒေပညာရှင် (Jurist) ဖြစ်ရပါမည်။[43]

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားသူကြီးများကို ရွေးချယ်ရာတွင် အသက် ၄၀ နှစ် ပြည့်ပြီး ဥပဒေပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၁၅ နှစ်ရှိကာ ကိုယ်ကျင့်တရားကောင်းမွန်သည့် ဂုဏ်သိက္ခာနှင့် ပြည့်စုံသည့် ဥပဒေပညာရပ်နယ်ပယ်မှ ပါမောက္ခများ၊ ရှေ့နေများ၊ တရားသူကြီးများထဲမှ ရွေးချယ်ခန့်အပ်ခြင်းဖြစ်ပါသည်။[44]

[43] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၉

[44] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၉



**ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားခွင်**

ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၎င်း၏ နှစ်စဉ် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ **(Activities Report)** တစ်စောင်စီကို နိုင်ငံတော်သမ္မတ၊ အထက်လွှတ်တော်ဥက္ကဋ္ဌ နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌတို့ထံ နှစ်စဉ် တင်သွင်းရပါမည်။ **သို့ရာတွင်** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အစီရင်ခံစာ (Activities Report) တင်သွင်းရသည်ဟု ဆိုသော်လည်း ထိုသို့ အစီရင်ခံစာ တင်သွင်းပေးပို့ရခြင်း၏ ရည်ရွယ်ချက်သည် ဥပဒေပြုရေးနှင့် ဥပဒေပြဋ္ဌာန်းရေး လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို မှီငြမ်းကိုးကားပြီး ၎င်းတို့၏ လုပ်ငန်းတာဝန်များကို လျော်ကန်သင့်မြတ်စွာ ဆောင်ရွက်နိုင်စေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အကြံဉာဏ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အစီရင်ခံစာမှတဆင့် ရရှိနိုင်စေရန် ရည်ရွယ်ခြင်းသာဖြစ်သည်ဟု **ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၉၁** တွင် ပြဋ္ဌာန်းထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားသူကြီးတစ်ဦးဦးသည် ကွယ်လွန်ခြင်း သို့မဟုတ် ရာထူးမှနှုတ်ထွက်ခြင်းအနေအထားဖြစ်ပေါ်ပါက အဆိုပါတရားသူကြီးကို အမည်စာရင်း တင်သွင်းခဲ့သည့် နိုင်ငံတော်သမ္မတ သို့မဟုတ် အထက်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အောက်လွှတ်တော်ဥက္ကဋ္ဌက လစ်လပ်သွားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီး၏ ကျန်ရှိနေသေးသည့် ရာထူးသက်တမ်းအတွက် တာဝန်ထမ်းဆောင်ရမည့် တရားသူကြီးအသစ်ကို ခန့်အပ်ရန် ပါလီမန်လွှတ်တော်ထံ အမည်စာရင်းအသစ် တင်သွင်းရပါမည်။[45]

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဂုဏ်ထူးဆောင် နာယကအဖွဲ့ဝင်များ (Ex officio Members ) အဖြစ် ဂါဘွန်သမ္မတနိုင်ငံ၏ လက်ရှိတာဝန်ထမ်းဆောင်နေသည့် နိုင်ငံတော်သမ္မတ

[45] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁)၊ အပိုဒ် ၈၉

မတိုင်မီ ဂါဘွန်သမ္မတနိုင်ငံ၏ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များကို ခန့်အပ်ရပါမည်။ [46]




ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏

ဂုဏ်ထူးဆောင်နာယကအဖွဲ့ဝင် (Ex officio Member) ၂ ဦး **( နိုင်ငံတော်သမ္မတဟောင်းများ)** နှင့်

လက်ရှိ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်တရားသူကြီးများ၏ ဓာတ်ပုံဖြင့် ထုတ်ဝေထားသည့် တံဆိပ်ခေါင်းများ

### ၆-၄ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက် အကျိုးသက်ရောက်မှု

ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ပိုင်ခွင့်မရှိပါ။ ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် ပြည်သူ့အာဏာပိုင်များ၊ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၊ တရားစီရင်ရေးဆိုင်ရာအာဏာပိုင်များ အားလုံးကို စည်းနှောင်မှုရှိသကဲ့သို့ **လူပုဂ္ဂိုလ်များ နှင့် ဥပဒေအရအသိအမှတ်ပြုထားသည့်ပုဂ္ဂိုလ် အားလုံး (Physical and Moral Persons)** ကို စည်းနှောင်မှုရှိသည်။

## နိဂုံး

ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးနယ်ပယ်တွင် အမြင့်ဆုံးတရားရုံး ဖြစ်ပါသည်။ ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ပိုင်ခွင့် မရှိပါ။ ဂါဘွန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ လုပ်ငန်းတာဝန်များတွင် ထူးခြား

[46] ဂါဘွန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁) ၊ အပိုဒ် ၈၉

သည့်အချက်မှာ **ဂါဘွန်သမ္မတနိုင်ငံ၏ လူဦးရေအထွေထွေသန်းခေါင်စာရင်းကောက်ယူခြင်း ရလဒ်ကို စစ်ဆေးဆုံးဖြတ်၍ ရလဒ်အတည်ပြုနိုင်ခြင်း** ဖြစ်ပါသည်။

## ရည်ညွှန်းကိုးကားချက်များ

………


- ❖ ဂါဘွန်သမ္မတနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁)
- ❖ https://constitutionnet.org/news/revision-gabonese-constitution-between-contestation-modernization-and-inconsistencies
- ❖ https://east-usa.com/world/gabon-map.html
- ❖ https://en.wikipedia.org/wiki/Gabon
- ❖ https://www.addleshawgoddard.com/en/doing-business-in-africa/africa-countries-a-z-list/gabon/

❖ https://www.indexmundi.com/gabon/legal_system.html